ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

၂၀၀၉ ခုနှစ်

# ဥပဒေများ၊ အမိန့်များနှင့် ကြေညာချက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

၂၀၀၉ ခုနှစ်

# ဥပဒေများ၊ အမိန့်များနှင့် ကြေညာချက်

# မာတိကာ

အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ

## ဥပဒေများ


၁။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁/၂၀၀၉) ... ၁

၂။ ၂၀၀၉ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂/၂၀၀၉) ... ၅

၃။ ၂၀၀၉ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၃/၂၀၀၉) ...၁၅

၄။ နေပြည်တော်စည်ပင်သာယာရေးဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၄/၂၀၀၉) ... ၃၉

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |

## အမိန့်များ


၁။ တာဝန်မှ အနားယူခွင့်ပြုခြင်း
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအမိန့်အမှတ် ၁/၂၀၀၉) ... ၅၉

၂။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအမိန့်အမှတ် ၂/၂၀၀၉) ... ၆၃

၃။ ဝန်ကြီးဌာန တာဝန်ပူးတွဲထမ်းဆောင်စေခြင်း
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအမိန့်အမှတ် ၃/၂၀၀၉) ... ၆၇

၄။ ဝန်ကြီးဌာန တာဝန်ပူးတွဲထမ်းဆောင်စေခြင်း
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအမိန့်အမှတ် ၄/၂၀၀၉) ... ၇၀

# မာတိကာ


အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ

## ကြေညာချက်

၁။ တာဝန်မှ အနားယူခွင့်ပြုခြင်း
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး
ကောင်စီကြေညာချက်အမှတ် ၁/၂၀၀၉) ... ၉၅

# ယဉ်ကျေးမှုအမွေအနှစ်ဒေသများ
# ကာကွယ်ထိန်းသိမ်းရေးဥပဒေကို
# ပြင်ဆင်သည့် ဥပဒေ

ပြည်ထောင်စုမြန်မာနိုင်ငံတော်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

**ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို**

**ပြင်ဆင်သည့် ဥပဒေ**

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁/၂၀၀၉)

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်
( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် )

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ် ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (ခ) ၌ပါရှိသော "၁၈၈၆ ခုနှစ်မတိုင်မီက တည်ရှိသော" ဆိုသည့်စကားရပ်ကို "ရှေးဟောင်း အထိမ်းအမှတ် အဆောက်အအုံဟု ဦးစီးဌာနက စုံစမ်းစစ်ဆေးသည့် နေ့ရက်မတိုင်မီ နှစ်ပေါင်း ၁၀၀ က တည်ရှိသော" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဂ) ၌ပါရှိသော "၁၈၈၆ ခုနှစ်မတိုင်မီက တည်ရှိသော" ဆိုသည့်စကားရပ်ကို "ရှေးဟောင်းနေရာဟု ဦးစီးဌာနက စုံစမ်းစစ်ဆေးသည့်နေ့ရက်မတိုင်မီ နှစ်ပေါင်း ၁၀၀ က တည်ရှိသော" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ ပုဒ်မ ၂၄ နှင့်ပုဒ်မ ၂၅ တို့တွင်ပါရှိသော ငွေဒဏ်များကို "ငွေဒဏ်ဖြစ်စေ၊" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ ပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၈။ မည်သူမဆို ပုဒ်မ ၂၇ အရ ချမှတ်သည့်အမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင် ယင်းအမိန့်ကို လိုက်နာရန် ပျက်ကွက်သည့် နေ့အသီးသီး အတွက် တစ်နေ့လျှင် ငွေဒဏ် ကျပ်တစ်သောင်းမှ ကျပ်တစ်သိန်းအထိ ချမှတ်ခြင်းခံရမည်။"

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

# ၂၀၀၉ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
# ၂၀၀၉ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/ ၂၀၀၉)

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်
( ၂၀၀၉ ခုနှစ်၊ မတ်လ ၂၄ ရက် )

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၀၉ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၀၈-၂၀၀၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်ရမည်။

## အခန်း (၂)
## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဇယား (၁)၊ (၂) နှင့် (၃) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည် ၂၀၀၈ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ် သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၀၈ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

**အခန်း (၃)**
**ငွေချေးယူခြင်း**

၄။ ၂၀၀၈ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ ပုဒ်မ ၁၃ တွင်ဖော်ပြထားသည့် ငွေချေးစာချုပ် ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူလက်ခံရရှိသည့် ငွေပမာဏအပြင် နောက်ထပ် ကျပ်သန်း နှစ်သိန်း တိုးမြှင့် လျာထားလိုက်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

| အမှတ်စဉ် | ၂၀၀၈ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ၁ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌကတာဝန်ပေးသူ | ၃,၁၄၀,၆၁၇,၀၀၀ | - | - | ၇၃,၉၆၁,၀၀၀ | | | | |
| ၂ | ၂ | ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင် | ပါတီစုံဒီမိုကရေစီအထွေထွေရွေး ကောက်ပွဲကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌကတာဝန်ပေးသူ | ၂၈,၂၆၄,၀၀၀ | - | - | ၂,၃၀၀,၀၀၀ | | | | |
| ၃ | ၃ | အစိုးရအဖွဲ့ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၀၀,၀၀၀,၀၀၀ | - | - | ၂၈၁,၈၀၀,၀၀၀,၀၀၀ | | | | |
| ၄ | ၄ | တရားသူကြီးချုပ် | တရားသူကြီးချုပ် သို့မဟုတ် တရား သူကြီးချုပ်က တာဝန်ပေးသူ | ၅၇,၅၀၀,၀၀၀ | - | - | - | | | | |
| ၅ | ၅ | ရှေ့နေချုပ် | ရှေ့နေချုပ် သို့မဟုတ် ရှေ့နေချုပ်က တာဝန်ပေးသူ | ၈၄,၇၅၀,၀၀၀ | - | - | ၆၈,၀၄၀,၀၀၀ | | | | |
| ၆ | ၆ | စာရင်းစစ်ချုပ် | စာရင်းစစ်ချုပ် သို့မဟုတ် စာရင်း စစ်ချုပ်က တာဝန်ပေးသူ | ၁၄၀,၉၄၃,၀၀၀ | - | - | - | | | | |
| | | ပေါင်း . . . | | ၃,၇၅၂,၀၇၄,၀၀၀ | - | - | ၂၈၁,၉၄၄,၃၀၁,၀၀၀ | | | | |

## ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

| အမှတ်စဉ် | ၂၀၀၈ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ — သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ — ထုတ်ချေးငွေ | ကြွေးမြီ — ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ၁ | နိုင်ငံခြားရေး | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၂၆၇,၂၂၂,၅၀၀ | ... | ၆၁၆,၀၀၀ | ၉,၅၀၀,၀၀၀ | | | | |
| ၂ | ၂ | ကာကွယ်ရေး | ၎င်း | ... | ... | ... | ၉,၆၇၄,၈၅၉,၀၀၀ | | | | |
| ၃ | ၄ | နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး | ၎င်း | ... | ... | ... | ၅၂၉,၄၀၂,၀၀၀ | | | | |
| ၄ | ၅ | ပြည်ထဲရေး | ၎င်း | ၂,၂၁၄,၇၇၀,၂၀၀ | ... | ... | ၈,၂၇၅,၆၈၀ | | | | |
| ၅ | ၆ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၎င်း | ၄၂၃,၁၄၄,၀၀၀ | ... | ... | ၂၀၅,၉၉၈,၀၀၀ | | | | |
| ၆ | ၇ | သာသနာရေး | ၎င်း | ၁၄၅,၂၃၆,၉၅၀ | ... | ၇၈,၂၆၅,၆၀၀ | ၁၄၀,၀၀၀,၀၀၀ | | | | |
| ၇ | ၈ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၎င်း | ၄၂,၆၅၀,၆၂၉,၄၆၀ | ... | ... | ၁,၂၅၀,၉၀၆,၀၀၀ | | | | |
| ၈ | ၉ | ပြန်ကြားရေး | ၎င်း | ၃၈၀,၆၁၇,၁၅၀ | ... | ... | ၂,၀၉၀,၀၀၇,၀၀၀ | | | | |
| ၉ | ၁၀ | ယဉ်ကျေးမှု | ၎င်း | ၇၉,၉၈၉,၃၆၀ | ... | ... | ၆၀,၀၀၀,၀၀၀ | | | | |
| ၁၀ | ၁၁ | ပညာရေး | ၎င်း | ၅၆၄,၂၃၄,၄၉၀ | ... | ... | ၈,၈၀၁,၇၁၁,၄၀၀ | | | | |
| ၁၁ | ၁၂ | ကျန်းမာရေး | ၎င်း | ၉၁၄,၇၆၃,၀၀၀ | ... | ... | ၁,၄၆၇,၁၂၉,၀၀၀ | | | | |
| ၁၂ | ၁၃ | အားကစား | ၎င်း | ၃၅၉,၂၇၉,၀၀၀ | ... | ... | ၁၂၀,၆၉၇,၀၀၀ | | | | |
| ၁၃ | ၁၄ | အလုပ်သမား | ၎င်း | ၁၁၃,၆၉၇,၃၀၀ | ... | ... | ၃၄,၄၃၇,၃၀၀ | | | | |
| ၁၄ | ၁၅ | သစ်တောရေးရာ | ၎င်း | ... | ... | ... | ၁,၈၁၆,၄၂၆,၆၄၀ | | | | |
| ၁၅ | ၁၆ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | ၉,၇၇၉,၅၈၀,၃၀၀ | ... | ... | ၆၈,၂၀၆,၂၂၆,၀၀၀ | | | | |
| ၁၆ | ၁၉ | အမှတ် (၁) စက်မှု | ၎င်း | ... | ... | ... | ၉,၅၀၀,၀၀၀ | | | | |
| ၁၇ | ၂၁ | သိပ္ပံနှင့်နည်းပညာ | ၎င်း | ၇၃,၉၆၁,၅၅၀ | ... | ... | ၁,၄၉၀,၀၂၁,၆၆၀ | | | | |
| ၁၈ | ၂၃ | အမှတ် (၁) လျှပ်စစ်စွမ်းအား | ၎င်း | ၃၁,၀၀၀,၀၀၀ | ... | ... | ၃၉,၉၀၅,၀၁၉,၀၀၀ | | | | |
| ၁၉ | ၂၅ | ဆောက်လုပ်ရေး | ၎င်း | ၂,၁၅၃,၂၃၆,၀၀၀ | ... | ... | ၂၂,၁၆၆,၉၇၂,၃၀၀ | | | | |
| ၂၀ | ၂၆ | ပို့ဆောင်ရေး | ၎င်း | ၈၁,၃၆၈,၀၀၀ | ... | ... | ၄၁၆,၅၉၄,၉၀၀ | | | | |
| ၂၁ | ၂၇ | ရထားပို့ဆောင်ရေး | ၎င်း | ၆၆,၇၉၉,၀၀၀ | ... | ... | ၁၄,၀၀၀,၆၀၀ | | | | |
| ၂၂ | ၂၈ | ဆက်သွယ်ရေး စာတိုက်နှင့်ကြေးနန်း | ၎င်း | ၄၇,၃၀၀,၀၀၀ | ... | ... | ... | | | | |
| ၂၃ | ၂၉ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၎င်း | ၃၂၈,၅၃၃,၀၀၀ | ... | ... | ... | | | | |
| ၂၄ | ၃၀ | သမဝါယမ | ၎င်း | ၁၈၄,၈၇၂,၂၀၀ | ... | ... | ... | | | | |
| ၂၅ | ၃၂ | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၅၅၁,၂၄၄,၀၀၀ | ... | ၃၀၂,၉၃၀ | ၁၃၄,၉၀၂,၀၀၀ | | | | |
| ၂၆ | ၃၃ | ဘဏ္ဍာရေးနှင့်အခွန် | ၎င်း | ၁၄,၀၇၁,၃၆၀,၀၀၀ | ၁၀,၀၀၀,၀၀၀,၀၀၀ | ၂၈,၉၇၅,၄၀၀,၀၀၀ | ... | | | | |
| | | ပေါင်း . . . | | ၇၅,၄၈၂,၈၃၇,၄၆၀ | ၁၀,၀၀၀,၀၀၀,၀၀၀ | ၂၉,၀၅၄,၅၈၄,၅၃၀ | ၁၅၈,၅၇၂,၅၇၇,၄၈၀ | | | | |

## နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၃)

| အမှတ်စဉ် | ၂၀၀၈ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်း များတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေ အတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ၁ | နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၂၀,၇၆၈,၁၂၆,၀၀၀ | ... | ... | ၆၄,၃၇၀,၂၂၆,၀၀၀ | | | | |
| | | ပေါင်း ... | | ၁၂၀,၇၆၈,၁၂၆,၀၀၀ | ... | ... | ၆၄,၃၇၀,၂၂၆,၀၀၀ | | | | |

# ၂၀၀၉ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ

ပြည်ထောင်စုမြန်မာနိုင်ငံတော်

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

# ၂၀၀၉ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၃/၂၀၀၉)

၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း ၅ ရက်
(၂၀၀၉ ခုနှစ်၊ မတ်လ ၃၀ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း (၁)
## အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၀၉ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွက် ၂၀၀၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင် အကျိုးသက်ရောက်စေရမည်။

## အပိုင်း (၂)
## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

# အခန်း (၁)

## ရငွေများနှင့် သုံးငွေများ

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံ ဒီမို ကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီး ဌာနများသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများ ကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေ များကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီး သည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲ ဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေ နိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ

ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီရငွေနှင့် အခန်း (၃) အရ ချေးယူရငွေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ထိုသို့ ပိုမိုရရှိသော ပြည်ပအကူအညီရငွေ၊ ချေးယူရငွေတို့ဖြင့် ကျခံရမည့် လုပ်ငန်းအသုံးစရိတ်များကို ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြခွင့်ပြုထားသောသုံးငွေများထက် ပိုမိုသုံးစွဲရန်လိုအပ်ပါက အစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ခွင့်ပြုနိုင်သည်။ သို့ရာတွင် ထိုသို့ ပြည်ပမှ အကူအညီရငွေ၊ ချေးယူရငွေများကြောင့် နိုင်ငံတော်၏ဘဏ္ဍာမှ ကျပ်ငွေဖြင့် ကျခံသုံးစွဲရမည့်အသုံးစရိတ်များအတွက် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားသောငွေဖြင့် မလုံလောက်ပါက ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။

(ခ) အစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) အရ ပိုမိုသုံးစွဲခွင့်ပြုသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြရမည်။

၅။ လုပ်ငန်းလိုအပ်ချက်အရ ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ဖော်ပြထားသောငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့တင်ပြသော ၂၀၀၉-၂၀၁၀ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အခန်း (၂)
## သီးသန့်ရန်ပုံငွေ

၆။ (က) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဇယား (၄) စာတိုင် ၁၂ တွင် ဖော်ပြထားသော သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါစည်းကမ်းချက်များနှင့်အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည် -

(၁) ကြိုတင် မမျှော်မှန်းနိုင်သော အသုံးစရိတ်ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင် မဖြစ်သည့်ကိစ္စဖြစ်ခြင်း၊

(၃) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ် လွှဲပြောင်းကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်းကျခံရန်အတွက် ရန်ပုံငွေ မရှိခြင်း။

(ခ) သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) အစိုးအရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြရမည်။

၇။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ သို့မဟုတ် လျော့၍ရသော ရငွေများနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သီးသန့်ရန်ပုံငွေမှ ထုတ်ယူသုံးစွဲသည့်အသုံးစရိတ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ပုဒ်မ ၄ အရ အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့်အသုံးစရိတ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ နိုင်ငံတော်၏ နောက်ထပ် ရငွေသုံးငွေအဖြစ် တင်ပြတောင်းခံခွင့်မရှိစေရ။ သို့ရာတွင် ပုဒ်မ ၆ ၌ပါရှိသော စည်းကမ်းချက်များနှင့် ညီညွတ်သည့်အသုံးစရိတ်များအတွက် ဤဥပဒေအရ ခွင့်ပြုထားသော သီးသန့်ရန်ပုံငွေနှင့် လုံလောက်ခြင်းမရှိပါက အသုံးစရိတ်တစ်ခုချင်းအတွက် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြတောင်းခံနိုင်သည်။

## အခန်း (၃)
## ငွေချေးယူခြင်း

၈။ အစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်အတွက်ဖြစ်စေ နိုင်ငံတော်က တာဝန်ယူသည့် ငွေချေးစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းဖြင့်လည်းကောင်း ပြည်တွင်းမှ

ဖြစ်စေ၊ ပြည်ပမှဖြစ်စေ ငွေချေးယူနိုင်သည်။ ထိုသို့ ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်၍ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။

၉။ ယခင် ဘဏ္ဍာရေးနှစ်အတွင်းက လိုအပ်ငွေများဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့်စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၁၀။ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများနှင့် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် လုပ်ငန်းစီမံချက်များအတွက် အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ပြည်ပမှ ငွေချေးယူနိုင်သည်။

၁၁။ အစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် အစိုးရဌာနတစ်ခုခုအား ပြည်ပမှ ငွေချေးယူခွင့်ပြုနိုင်သည်။

၁၂။ (က) အစိုးရအဖွဲ့သည် ဤအခန်း (၃) ပါ ကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီးအား လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။

(ခ) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီးသည် ဤအခန်း (၃) အရ ငွေချေးယူသောကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၃။ ၂၀၀၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၀ ပြည့်နှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်း (၃) အရ ငွေချေး

စာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ်ချေးယူလက်ခံရရှိသည့်ငွေ စုစုပေါင်းသည် ကျပ်သန်း ခြောက်သိန်း ပမာဏထက် မပိုစေရ။

## အပိုင်း (၃)
## နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ

၁၄။ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည် နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၁၅။ (က) နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၏ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေဝို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့်သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊

စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၆။ (က) အစိုးရအဖွဲ့သည် နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့တင်ပြသော ၂၀၀၉-၂၀၁၀ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) အစိုးရအဖွဲ့သည် နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးနိုင်သည်။

## အပိုင်း (၄)
## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

၁၇။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၁၈။ (က) တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၇) နှင့် (၈) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိ လက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေ နိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၉။ (က) အစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြသော ၂၀၀၉-၂၀၁၀ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) အစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၂၀။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသောအခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း (၅)
## စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂၁။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များအား ငွေချေးခြင်း၊ အထောက်အပံ့ပေးခြင်း ပြုနိုင်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် စာရင်းစစ်ချုပ် ဇယား (၁)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပ အကူအညီ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုဆောင်းငွေ |
| | | | | | | | | | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၂၃,၁၀၀,၀၀၀ | | | | | | | |
| ၂ | ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် | ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | | |
| ၃ | အစိုးရအဖွဲ့ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၆,၀၀၀,၀၀၀ | | ၁၅၀,၀၀၀ | | | | | |
| ၄ | တရားသူကြီးချုပ် | တရားသူကြီးချုပ် သို့မဟုတ် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၁,၀၃၀,၀၀၀,၀၀၀ | | | | | | | |
| ၅ | ရှေ့နေချုပ် | ရှေ့နေချုပ် သို့မဟုတ် ရှေ့နေချုပ်က တာဝန်ပေးသူ | | | ၁၅,၀၀၀,၀၀၀ | | | | | | | |
| ၆ | စာရင်းစစ်ချုပ် | စာရင်းစစ်ချုပ် သို့မဟုတ် စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၅၀,၃၅၁,၀၀၀ | | ၁,၀၀၀ | | | | | |
| | ပေါင်း ... | | | | ၁,၁၃၄,၄၅၁,၀၀၀ | | ၁၅၁,၀၀၀ | | | | | |

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် စာရင်းစစ်ချုပ် ဇယား (၂)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၃,၉၉၀,၈၇၅,၀၀၀ | | ၅,၀၀၀,၀၀၀ | ၂,၇၃၇,၅၈၀,၅၀၀ | | | | |
| ၂ | ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် | ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၇၅,၀၀၀,၀၀၀ | | | ၆,၇၄၀,၀၀၀ | | | | |
| ၃ | အစိုးရအဖွဲ့ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၆၃၅,၄၀၀,၀၀၀ | | | ၁၆၀,၀၆၂,၉၁၆,၀၀၀ | | | | |
| ၄ | တရားသူကြီးချုပ် | တရားသူကြီးချုပ် သို့မဟုတ် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၃,၃၅၅,၃၁၆,၀၀၀ | | | ၅၉၅,၀၆၃,၂၀၀ | | | | |
| ၅ | ရှေ့နေချုပ် | ရှေ့နေချုပ် သို့မဟုတ် ရှေ့နေချုပ်က တာဝန်ပေးသူ | ၁,၉၀၇,၀၀၀,၀၀၀ | | | ၁၅၈,၁၀၃,၁၀၀ | | | | |
| ၆ | စာရင်းစစ်ချုပ် | စာရင်းစစ်ချုပ် သို့မဟုတ် စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၃,၇၂၅,၀၀၀,၀၀၀ | | | ၁၈၁,၀၀၀,၀၀၀ | | | | |
| | ပေါင်း ... | | ၁၃,၆၈၈,၅၉၁,၀၀၀ | | ၅,၀၀၀,၀၀၀ | ၁၆၃,၇၄၁,၄၀၂,၈၀၀ | | | | |

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပ အကူအညီ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုဆောင်းငွေ |
| | | | | | | | | | | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄၄၈,၇၀၂,၃၇၈,၀၀၀ | | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၅,၄၉၉,၁၂၄,၀၀၀ | | | | | | | | | |
| | ၂ | ကုန်သွယ်လုပ်ငန်းခွန် | | ၄၁၁,၃၃၃,၂၅၄,၀၀၀ | | | | | | | | | |
| | ၃ | သွင်းကုန်အတွက် လိုင်စင်ခများ | | ၆၃၅,၀၀၀,၀၀၀ | | | | | | | | | |
| | ၄ | မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု | | ၁၅,၅၀၀,၀၀၀,၀၀၀ | | | | | | | | | |
| | ၅ | သယ်ယူပို့ဆောင်ရေးအခွန် | | ၂,၂၃၅,၀၀၀,၀၀၀ | | | | | | | | | |
| | ၆ | တံဆိပ်ခေါင်းရောင်းရငွေများ | | ၁၃,၅၀၀,၀၀၀,၀၀၀ | | | | | | | | | |
| ၂ | | ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ်တွင် ကောက်ခံသည့်အခွန်အကောက် | ၎င်း | ၄၃၄,၆၆၆,၇၄၆,၀၀၀ | | | | | | | | | |
| | ၁ | ဝင်ငွေခွန် | | ၃၃၆,၃၂၆,၀၀၀,၀၀၀ | | | | | | | | | |
| | ၂ | အမြတ်ခွန် | | ၉၈,၃၄၀,၇၄၆,၀၀၀ | | | | | | | | | |
| ၃ | | အကောက်ခွန် | ၎င်း | ၄၀,၀၀၀,၀၀၀,၀၀၀ | | | | | | | | | |
| | ၁ | အကောက်ခွန် | | ၄၀,၀၀၀,၀၀၀,၀၀၀ | | | | | | | | | |
| ၄ | | နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့် အခွန်အကောက် | ၎င်း | ၁၂,၂၉၆,၄၈၆,၀၀၀ | | | | | | | | | |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့် အခွန် | | ၁၀,၂၉၅,၀၀၀ | | | | | | | | | |
| | ၂ | ရေခွန်နှင့်တာတမံခွန် | | ၄,၃၇၁,၀၅၄,၀၀၀ | | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၃,၈၉၆,၇၀၀,၀၀၀ | | | | | | | | | |
| | ၄ | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန် | | ၂၅,၅၁၇,၀၀၀ | | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၃,၉၀၀,၀၀၀,၀၀၀ | | | | | | | | | |

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့ အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပ အကူအညီ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများ တွင် ရင်းနှီးငွေမှ ရငွေ | စုဆောင်းငွေ |
| | | | | | | | | | | ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| | ၆ | ကြက်ပေါင်စေးပေါ်တွင် ကောက်ခံသည့်အခွန် | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၃၀၀,၀၀၀ | | | | | | | | | |
| ၅ | | နိုင်ငံတော်၏စီးပွားရေး အဖွဲ့အစည်းများမှရငွေ | ၎င်း | | ၉၃၈,၁၂၃,၇၀၆,၀၀၀ | | | | | | | | |
| ၆ | | နိုင်ငံခြားရေး | ၎င်း | | | ၃၂,၂၀၀,၀၀၀ | | | | | | | |
| ၇ | | ကာကွယ်ရေး | ၎င်း | | | ၄၁,၁၄၆,၂၇၇,၀၀၀ | | | | | | | |
| ၈ | | နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး | ၎င်း | | | ၁၅၆,၈၃၁,၂၀၀ | | | | | | | |
| ၉ | | ပြည်ထဲရေး | ၎င်း | | | ၁,၄၀၁,၇၃၀,၀၀၀ | | | | | | | |
| ၁၀ | | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၎င်း | | | ၁,၀၃၃,၀၁၈,၀၀၀ | | | | | | | |
| ၁၁ | | သာသနာရေး | ၎င်း | | | ၃၁,၅၂၀,၀၀၀ | | | | | | | |
| ၁၂ | | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၎င်း | | | ၉၅,၅၇၀,၀၀၀ | | | | | | | |
| ၁၃ | | ပြန်ကြားရေး | ၎င်း | | | ၁,၅၈၅,၀၀၉,၀၀၀ | | | | | | | |
| ၁၄ | | ယဉ်ကျေးမှု | ၎င်း | | | ၁၅၅,၆၀၀,၀၀၀ | | | | | | | |
| ၁၅ | | ပညာရေး | ၎င်း | | | ၁၀,၀၃၄,၈၉၃,၀၀၀ | | | ၃၇,၃၅၀,၀၀၀ | | | | |
| ၁၆ | | ကျန်းမာရေး | ၎င်း | | | ၇,၆၃၈,၉၁၉,၀၀၀ | | ၁,၂၀၀,၀၀၀ | ၁၀၄,၆၁၈,၇၁၀ | | | | |
| ၁၇ | | အားကစား | ၎င်း | | | ၂၃၅,၀၁၅,၀၀၀ | | ၂၀၀,၀၀၀ | ၁၃,၂၀၀,၀၀၀ | | | | |
| ၁၈ | | အလုပ်သမား | ၎င်း | | | ၆၀,၀၈၁,၀၀၀ | | | | | | | |
| ၁၉ | | သစ်တောရေးရာ | ၎င်း | | | ၁,၂၀၀,၀၀၀,၀၀၀ | | | ၅,၅၇၉,၀၀၀ | | | ၂၂,၀၀၀,၀၀၀ | |
| ၂၀ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | | | ၁၁,၉၇၅,၆၀၀,၀၀၀ | | ၁၀၀,၅၀၀,၀၀၀ | | | ၈၈,၂၉၀,၀၂၀ | | |
| ၂၁ | | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၎င်း | | | ၁,၂၉၀,၀၀၀,၀၀၀ | | | | | | | |
| ၂၂ | | သတ္တုတွင်း | ၎င်း | | | ၁၉၀,၁၀၀,၀၀၀ | | ၁၅၀,၀၀၀ | | | | | |
| ၂၃ | | အမှတ် (၁) စက်မှု | ၎င်း | | | ၅၃၆,၈၆၉,၅၀၀ | | | | | | | |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့ အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပ အကူအညီ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုဆောင်းငွေ |
| | | | | | | | | | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၂၄ | အမှတ် (၂) စက်မှု | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | ၇၀၀,၀၀၀ | | | | | | | |
| ၂၅ | သိပ္ပံနှင့်နည်းပညာ | ၎င်း | | | ၁,၂၇၂,၂၉၉,၀၅၀ | | | ၁,၀၀၀,၀၀၀ | | | | |
| ၂၆ | ခွမ်းအင် | ၎င်း | | | ၅၀,၀၀၀ | | | | | | | |
| ၂၇ | အမှတ် (၁) လျှပ်စစ်စွမ်းအား | ၎င်း | | | ၅၀,၀၇၀,၀၀၀ | | | | | ၅၅၆,၅၈၈,၀၀၀ | | |
| ၂၈ | အမှတ် (၂) လျှပ်စစ်စွမ်းအား | ၎င်း | | | ... | | | | | | | |
| ၂၉ | ဆောက်လုပ်ရေး | ၎င်း | | | ၅,၀၅၅,၀၀၀,၀၀၀ | | ၁၀,၀၀၀,၀၀၀ | | | | | |
| ၃၀ | ပို့ဆောင်ရေး | ၎င်း | | | ၁,၃၃၀,၉၇၇,၀၀၀ | | | | | | | |
| ၃၁ | ရထားပို့ဆောင်ရေး | ၎င်း | | | ၂,၃၀၀,၄၅၀,၀၀၀ | | | | | | | |
| ၃၂ | ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း | ၎င်း | | | ၃၅၀,၀၀၀,၀၀၀ | | | | | | | |
| ၃၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၎င်း | | | ၃,၈၀၉,၀၀၀,၀၀၀ | | | | | | | |
| ၃၄ | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း | ၎င်း | | | ၁၉၄,၂၅၅,၀၀၀ | | | | | | | |
| ၃၅ | သမဝါယမ | ၎င်း | | | ၅၄၉,၇၆၄,၀၀၀ | | | | | | | |
| ၃၆ | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | | | ၂၅၂၀,၆၅၂,၇၅၀ | | ၂၅၀,၄၀၀,၀၀၀ | | | | | |
| ၃၇ | ဘဏ္ဍာရေးနှင့်အခွန် | ၎င်း | | | ၂၅,၀၄၀,၃၄၁,၄၀၀ | ၁၁,၂၆၂,၀၁၀ | | | ၄၄,၃၆၀,၀၀၀ | | | |
| ၃၈ | ပင်စင်လစာငွေများနှင့် ဆုငွေများ | ၎င်း | | | ၁၀,၀၂၀,၀၀၀ | | | | | | | |
| | ပေါင်း | | ၉၃၅,၆၆၅,၆၁၀,၀၀၀ | ၉၃၈,၁၂၃,၇၀၆,၀၀၀ | ၁၂၁,၃၈၂,၈၁၁,၉၀၀ | ၁၁,၂၆၂,၀၀၀ | ၃၆၃,၄၅၀,၀၀၀ | ၁၆၀,၇၉၇,၇၁၀ | ၄၄,၃၆၀,၀၀၀ | ၆၄၄,၈၇၈,၀၂၀ | ၂၂,၀၀၀,၀၀၀ | |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | သီးသန့်ရန်ပုံငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံခြားရေး | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၉၇၄,၁၀၀,၀၀၀ | ... | ၂၉,၀၈၀,၀၀၀ | ၄၆၇,၀၆၅,၆၂၀ | | | | | |
| ၂ | ကာကွယ်ရေး | ၎င်း | ၂၇၈,၁၁၅,၂၈၆,၀၀၀ | ... | ... | ၂၈၂,၉၇၂,၆၈၂,၀၀၀ | | | | | |
| ၃ | တပ်မတော်ရေးရာ | ၎င်း | ... | ... | ... | ... | | | | | |
| ၄ | နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး | ၎င်း | ၅,၁၉၀,၇၀၀,၀၀၀ | ... | ၅,၆၇၃,၄၉၁,၀၀၀ | ၁၆,၆၆၄,၀၀၇,၂၃၀ | | | | | |
| ၅ | ပြည်ထဲရေး | ၎င်း | ၅၀,၂၂၀,၅၀၀,၀၀၀ | ... | ၂၅၄,၆၆၀,၅၃၀ | ၇,၉၇၉,၁၄၄,၈၇၀ | | | | | |
| ၆ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၎င်း | ၄,၈၇၀,၇၀၀,၀၀၀ | ... | ... | ၃၆၃,၁၅၂,၁၅၀ | | | | | |
| ၇ | သာသနာရေး | ၎င်း | ၂,၄၂၀,၁၀၂,၀၀၀ | ... | ၃၇၃,၂၉၈,၀၀၀ | ၄၂၅,၆၄၇,၀၀၀ | | | | | |
| ၈ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | ၎င်း | ၂၉၈၁,၄၂၆,၀၀၀ | ... | ၁၅၄,၅၇၄,၀၀၀ | ၆,၆၁၇,၇၉၆,၇၀၀ | | | | | |
| ၉ | ပြန်ကြားရေး | ၎င်း | ၄,၂၅၅,၅၂၂,၈၀၀ | ... | ... | ၇,၆၄၀,၂၂၁,၉၆၀ | | | | | |
| ၁၀ | ယဉ်ကျေးမှု | ၎င်း | ၂,၀၃၉,၄၇၅,၀၀၀ | ... | ၂၅,၀၀၀ | ၂,၀၃၄,၅၀၅,၉၁၀ | | | | | |
| ၁၁ | ပညာရေး | ၎င်း | ၁၅၉,၅၆၈,၅၁၆,၀၀၀ | ... | ၃၀၇,၅၀၀ | ၂၇,၅၀၆,၃၈၃,၅၀၀ | | | | | |
| ၁၂ | ကျန်းမာရေး | ၎င်း | ၃၉,၅၆၄,၈၇၉,၀၀၀ | ... | ၃,၃၂၁,၀၀၀ | ၁၁,၁၈၅,၇၅၂,၀၀၀ | | | | | |
| ၁၃ | အားကစား | ၎င်း | ၂,၇၄၁,၄၇၃,၀၀၀ | ... | ၂၅,၁၄၀,၀၀၀ | ၂,၂၇၀,၀၀၀,၀၀၀ | | | | | |
| ၁၄ | အလုပ်သမား | ၎င်း | ၉၇၅,၆၅၃,၀၀၀ | ... | ၁၈၇,၀၀၀ | ၁၉၇,၃၃၄,၂၃၀ | | | | | |
| ၁၅ | သစ်တောရေးရာ | ၎င်း | ၁၁,၀၉၉,၀၀၀,၀၀၀ | ... | ၇၂၀,၃၀၀ | ၇,၄၄၇,၀၆၁,၂၀၀ | | | | | |
| ၁၆ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | ၅၇,၅၀၈,၅၆၉,၁၀၀ | ... | ၄၁၃,၀၀၀ | ၇၄၄,၂၃၀,၂၁,၀၀၀ | | | | | |
| ၁၇ | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၎င်း | ၄,၂၆၄,၀၀၀,၀၀၀ | ... | ၆၀၀,၀၀၀ | ၂၉၂၁,၇၈၃,၄၄၀ | | | | | |
| ၁၈ | သတ္တုတွင်း | ၎င်း | ၁,၆၄၇,၀၀၀,၀၀၀ | ... | ... | ၁၁၉,၇၄၁,၇၀၀ | | | | | |
| ၁၉ | အမှတ် (၁) စက်မှု | ၎င်း | ၉၂၁,၀၀၀,၀၀၀ | ... | ... | ၉၈,၈၈၂,၀၀၀ | | | | | |
| ၂၀ | အမှတ် (၂) စက်မှု | ၎င်း | ၄၆၀,၀၀၀,၀၀၀ | ... | ... | ၁၉,၀၅၆,၃၀၀ | | | | | |
| ၂၁ | သိပ္ပံနှင့်နည်းပညာ | ၎င်း | ၁၀,၆၁၃,၆၃၅,၉၀၀ | ... | ၂၆၄,၁၀၀ | ၁၂,၈၀၁,၂၈၀,၇၃၀ | | | | | |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ<br>သာမန်သုံးငွေ | အတိုးပေးငွေ | ယောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ<br>ထုတ်ချေးငွေ | ကြွေးမြီ<br>ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | သီးသန့်ရန်ပုံငွေ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၀ | ၁၂ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၂၂ | စွမ်းအင် | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၁၆၇,၀၀၀,၀၀၀ | ... | ... | ၇၉၀၀,၀၀၀ | | | | | |
| ၂၃ | အမှတ် (၁) လျှပ်စစ်စွမ်းအား | ၎င်း | ၄,၇၂၅,၀၀၀,၀၀၀ | ၂၀,၀၀၀,၀၀၀ | ... | ၁၀၁,၅၆၁,၀၇၂,၀၀၀ | | | | | |
| ၂၄ | အမှတ် (၂) လျှပ်စစ်စွမ်းအား | ၎င်း | ၁၃၄,၀၀၀,၀၀၀ | ... | ... | ၂၄,၀၀၀,၀၀၀ | | | | | |
| ၂၅ | ဆောက်လုပ်ရေး | ၎င်း | ၂၈,၁၈၁,၈၀၀,၀၀၀ | ... | ... | ၉၁,၄၇၅,၁၈၈,၀၀၀ | | | | | |
| ၂၆ | ပို့ဆောင်ရေး | ၎င်း | ၅,၃၈၉,၇၄၉,၀၀၀ | ၄၄၃,၆၃၀ | ၇၀၇,၀၀၀ | ၃၆,၅၅၇,၄၂၁,၀၀၀ | | ၄၈,၇၅၀,၀၀၀ | | | |
| ၂၇ | ရထားပို့ဆောင်ရေး | ၎င်း | ၁,၈၈၂,၀၀၀,၀၀၀ | ... | ... | ၁,၅၄၀,၄၂၆,၀၀၀ | | | | | |
| ၂၈ | ဆက်သွယ်ရေး စာတိုက်နှင့်ကြေးနန်း | ၎င်း | ၁၅၀,၄၅၀,၀၀၀ | ... | ၁,၃၀၀,၀၀၀ | ၁၇,၂၆၉,၀၀၀ | | | | | |
| ၂၉ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၎င်း | ၁,၅၅၀,၅၀၀,၀၀၀ | ... | ၃၂၀,၀၀၀ | ၁၁၈,၁၄၅,၀၀၀ | | | | | |
| ၃၀ | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း | ၎င်း | ၂၂၄,၇၃၂,၀၀၀ | ... | ၃၇၀,၀၀၀ | ၁၅,၆၅၆,၅၀၀ | | | | | |
| ၃၁ | သမဝါယမ | ၎င်း | ၄,၃၂၅,၆၆၀,၀၀၀ | ... | ... | ၂၇၇,၈၄၇,၄၈၀ | | | | | |
| ၃၂ | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၄,၄၉၅,၉၇၄,၀၀၀ | ... | ၂,၂၄၁,၀၀၀ | ၄,၃၈၅,၀၀၀,၄၃၀ | | | | | |
| ၃၃ | ဘဏ္ဍာရေးနှင့်အခွန် | ၎င်း | ၇,၇၈၉,၆၀၀,၀၀၀ | ၁၈၅,၇၉၁,၅၉၀,၀၀၀ | ၄၀,၀၀၀,၁၈၀,၀၀၀ | ၁,၈၀၉,၈၅၆,၅၅၀ | | ၂၇၀,၆၇၀,၀၀၀ | ၁၇,၅၀၀,၀၀၀ | ၃၀,၀၀၀ | |
| ၃၄ | ပင်စင်လစာငွေများနှင့် ဆုငွေများ | ၎င်း | ၁၉,၅၁၅,၁၃၅,၀၀၀ | | | | | | | | |
| ၃၅ | ဆုငွေများနှင့် တစ်လုံးတည်းပင်စင်ငွေများ | ၎င်း | ၃၅,၄၈၄,၈၆၅,၀၀၀ | | | | | | | | |
| ၃၆ | သီးသန့်ရန်ပုံငွေ | ဤရန်ပုံငွေမှ ထုတ်ယူသုံးစွဲခွင့် ရရှိသော ဇယား (၁)၊ (၂) နှင့် (၃) တို့တွင် ဖော်ပြထားသော တာဝန်ခံ သို့မဟုတ် အဆိုပါပုဂ္ဂိုလ်က တာဝန်ပေးသူ | | | | | | | | | ၁၀၀,၀၀၀,၀၀၀ |
| | ပေါင်း ... | | ၇၁၄,၄၄၈,၀၀၂,၈၀၀ | ၁၈၅,၈၁၂,၀၃၃,၆၃၀ | ၄၆,၅၂၁,၁၉၉,၄၃၀ | ၇၀၁,၉၄၄,၃၀၁,၅၀၀ | ... | ၃၁၉,၄၂၀,၀၀၀ | ၁၇,၅၀၀,၀၀၀ | ၃၀,၀၀၀ | ၁၀၀,၀၀၀,၀၀၀ |

## နိုင်ငံတော်၏ စီးပွားရေးအဖွဲ့ အစည်းများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်၏ စီးပွားရေး အဖွဲ့ အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ | | အဖွဲ့ အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| | | | | | | | | | ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးယူ ရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံတော်၏ စီးပွားရေး အဖွဲ့ အစည်းများ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၂၉၁၁,၇၅၂,၇၉၄,၀၀၀ | | ၆,၄၀၀,၀၀၀ | | | ၈၃၈,၂၄၃,၀၀၀ | |
| | ပေါင်း ... | | | | ၂၉၁၁,၇၅၂,၇၉၄,၀၀၀ | | ၆,၄၀၀,၀၀၀ | | | ၈၃၈,၂၄၃,၀၀၀ | |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃,၀၇၆,၃၄၃,၃၂၇,၀၀၀ | | | ၃၉၀,၈၆၈,၇၇၉,၂၈၀ | | ၆၉၉,၁၄၁,၀၀၀ | | |
| | ပေါင်း ... | | ၃,၀၇၆,၃၄၃,၃၂၇,၀၀၀ | | | ၃၉၀,၈၆၈,၇၇၉,၂၈၀ | | ၆၉၉,၁၄၁,၀၀၀ | | |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပ အကူအညီ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုဆောင်းငွေ |
| | | | | | | | | | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၂၉၂,၁၀၀,၀၀၀ | | | | | | | |
| | ပေါင်း ... | | | | ၂၉၂,၁၀၀,၀၀၀ | | | | | | | |

# တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ယောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများထွင်ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | လုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးသပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၄၀,၂၇၂,၀၀၀ | | | ၄၃,၈၀၀,၀၀၀ | | | | |
| | ပေါင်း ... | | ၂၄၀,၂၇၂,၀၀၀ | | | ၄၃,၈၀၀,၀၀၀ | | | | |

# နေပြည်တော် စည်ပင်သာယာရေးဥပဒေ

ပြည်ထောင်စုမြန်မာနိုင်ငံတော်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

**နေပြည်တော်စည်ပင်သာယာရေးဥပဒေ**

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်
၄ / ၂၀၀၉)

၁၃၇၁ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်

(၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း ( ၁ )

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **နေပြည်တော်စည်ပင်သာယာရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် –

(က) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော နေပြည်တော် စည်ပင်သာယာရေးကော်မတီကို ဆိုသည်၊

(ခ) **ရုံးအကြီးအကဲ** ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေး ကော်မတီရုံး၏ ဝန်ထမ်းအကြီးအကဲကို ဆိုသည်၊

(ဂ) **အရန်မြေ** ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း နိုင်ငံတော်အစိုးရက အနာဂတ် စီမံကိန်း များ ဆောင်ရွက်ရန် သတ်မှတ်ထားသောမြေကို ဆိုသည်။

## အခန်း ( ၂ )
## ဖွဲ့စည်းခြင်း

၃။ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း စည်ပင် သာယာရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် -

(က) ကော်မတီကို အဖွဲ့ဝင် အနည်းဆုံး ၅ ဦးမှ အများဆုံး ၉ ဦး အထိဖြင့် ဖွဲ့စည်းရမည်၊

(ခ) ကော်မတီကို ဖွဲ့စည်းရာတွင် သင့်လျော်သော နိုင်ငံသားများ ဖြင့် ဖွဲ့စည်းပြီး ကော်မတီ၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို တစ်ပါတည်း သတ်မှတ်ရမည်။

၄။ ကော်မတီ၏ဥက္ကဋ္ဌသည် နေပြည်တော်၏ မြို့တော်ဝန်ဖြစ်သည်။

၅။ ကော်မတီ၏ ဒုတိယဥက္ကဋ္ဌသည် နေပြည်တော်၏ ဒုတိယ မြို့တော်ဝန် ဖြစ်သည်။

၆။ ရုံးအကြီးအကဲသည် ကော်မတီ၏ တွဲဖက်အတွင်းရေးမှူး ဖြစ်သည်။

၇။ ကော်မတီသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌအား တိုက်ရိုက်တာဝန်ခံရမည်။

## အခန်း ( ၃ )

## ကော်မတီ၏ လုပ်ငန်းတာဝန်များ

၈။ ကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါလုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ မူ ချမှတ်ခြင်း၊ လမ်းညွှန်မှု ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း သို့မဟုတ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ပြုရမည် -

(က) မြို့ပြစီမံကိန်းရေးဆွဲခြင်းနှင့် မြို့သစ်များ တည်ထောင်ခြင်း၊

(ခ) မြေများကို တည်ဆဲဥပဒေများနှင့်အညီ စီမံခန့်ခွဲခြင်း၊

(ဂ) အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင် ထိန်းသိမ်း ခြင်း၊ ဖျက်သိမ်းခြင်းနှင့် စစ်ဆေးခြင်း၊

(ဃ) ကျူးကျော်အိမ်များ၊ ကျူးကျော်အဆောက်အအုံများ၊ ကျူးကျော်ရပ်ကွက်များ ဖျက်သိမ်းခြင်းနှင့် ပြောင်းရွှေ့ နေရာ ချထားခြင်း၊

(င) လမ်းများဖောက်လုပ်ခြင်း၊ တံတားများတည်ဆောက်ခြင်းနှင့် ယင်းတို့ကို ပြင်ဆင်ထိန်းသိမ်းခြင်း၊

(စ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ တံတား၊ ရေမြောင်း၊ ရေပိုက်လိုင်း၊ မိလ္လာပိုက် စသည်တို့နှင့် မလွတ်ကင်းသော အဆောက်အအုံများကို ဖယ်ရှားစေခြင်းနှင့် ဖယ်ရှားခြင်း၊

(ဆ) လမ်းစည်းကမ်းနှင့် လမ်းအသုံးပြုမှုစည်းကမ်းများ သတ်မှတ် ခြင်း၊ ရပ်ကွက်နှင့်လမ်းများ၏အမည်ကို သတ်မှတ်ခြင်းနှင့် အဆောက်အအုံအမှတ် သတ်မှတ်ခြင်း၊

(ဇ) ယာဉ်နှင့်အနေးယာဉ်များ သွားလာခြင်း၊ ရပ်နားခြင်း၊ ယာဉ်ရပ်နားစခန်းများ တည်ဆောက်ခြင်းတို့နှင့် စပ်လျဉ်း၍ စည်းကမ်းများ သတ်မှတ်ခြင်း၊

(ဈ) သန့်ရှင်းရေး၊ သပ်ရပ်ရေး၊ သာယာရေး၊ လှပရေး၊ စိမ်းလန်းရေးနှင့် စိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဋ) ပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ ရေကူးကန်နှင့် အပန်းဖြေနေရာများ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဌ) လမ်းမီးပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဍ) ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဎ) ရေကန်များ၊ ရေလှောင်ကန်များ၊ ရေပိုက်လိုင်းများ တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊

(ဏ) မိလ္လာလုပ်ငန်းနှင့် ရေဆိုး သန့်စင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(တ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ထ) ကော်မတီပိုင်ဈေးများတည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဒ) ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်ပြုခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဓ) အစားအသောက်ဆိုင်ရာလုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ လမ်းဘေးဈေးဆိုင်များနှင့် စပ်လျဉ်း၍ စည်းကမ်းများ သတ်မှတ်ခြင်း၊

(န) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းများနှင့် စပ်လျဉ်း၍ စည်းကမ်းများသတ်မှတ်ခြင်း၊

(ပ) မီးဘေး၊ ရေဘေး၊ လေဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဖ) ပြည်တွင်းခရီးသည်များသာ တည်းခိုမည့် တည်းခိုခန်းများဖွင့်လှစ်ခွင့်ပြုခြင်း၊

(ဗ) စည်ပင်သာယာရေးဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခိုခန်းများအား စစ်ဆေးခြင်း၊

(ဘ) ကူးတို့လုပ်ငန်းများ၊ ပွဲရုံလုပ်ငန်းများနှင့် ပုဂ္ဂလိကအပေါင်ဆိုင်လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(မ) သားသတ်ရုံများ တည်ထောင်ခြင်း၊ စားသုံးရန်တိရစ္ဆာန်များသတ်ဖြတ်ခွင့်ပြုခြင်းနှင့် အသားရောင်းချခြင်းကို စည်းကမ်းများ သတ်မှတ်ခြင်း၊

(ယ) ကျွဲ၊ နွား ပွဲဈေးများ တည်ထောင်ခြင်းနှင့်စီမံခန့်ခွဲခြင်း၊

(ရ) တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်းတို့နှင့်စပ်လျဉ်း၍ ခွင့်ပြုခြင်းနှင့် လေလွင့်သွားလာနေသော တိရစ္ဆာန်များကို ဖမ်းဆီးထိန်းသိမ်းခြင်း၊

(လ) လေလွင့်သွားလာနေသော ရူးသွပ်သူ၊ အနာကြီးရောဂါစွဲကပ်သူနှင့် တောင်းရမ်းစားသောက်သူများကို ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဝ) သုသာန်များသတ်မှတ်ခြင်း၊ ဖျက်သိမ်းခြင်း၊ သင်္ဂြိုဟ်ခွင့်ပြုခြင်း၊ သင်္ဂြိုဟ်စက်များ တည်ဆောက်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(သ) အများပြည်သူအကျိုးပြု အခြားစည်ပင်သာယာရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဟ) သတ်မှတ်ထားသော အစိုးရရုံးများ၊ နိုင်ငံတော်ပိုင် အိမ်ရာအဆောက်အအုံများကို ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် တိုးချဲ့

ဆောက်လုပ်ခြင်းလုပ်ငန်းများအား နိုင်ငံတော်အစိုးရ၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်း၊

(ဠ) နိုင်ငံတော်ပိုင် အိမ်ရာအဆောက်အအုံများတွင် နေထိုင်သူများ လိုက်နာရန် စည်းကမ်းချက်များထုတ်ပြန်ခြင်း၊ စိစစ်ကြပ်မတ်ခြင်းနှင့် စည်းကမ်းဖောက်ဖျက်သူများကို စစ်ဆေးအရေးယူခြင်း၊

(အ) နိုင်ငံတော်ပိုင် အိမ်ရာအဆောက်အအုံများနှင့် တိုက်ခန်းများအား ထိန်းသိမ်းခြင်း၊ နေရာချထားခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ကက) နိုင်ငံတော်ပိုင် အိမ်ရာအဆောက်အအုံများနှင့် တိုက်ခန်းများအတွက် ငှားရမ်းခသတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း၊

(ခခ) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၉။ ကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

## အခန်း ( ၄ )

## ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၁၀။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်ကို သတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်း၊

(ခ) ကော်မတီပိုင် ရန်ပုံငွေဖြင့် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများနှင့် အညီ စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများနှင့် သက်ဆိုင်သော အခွန်အခနှင့် အခွန်အခနှုန်းထားများ သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊ စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်း၊

(ဃ) ကော်မတီပိုင် အဆောက်အအုံနှင့်မြေများကို ငှားရမ်းခြင်း၊ စည်းကမ်းချက်တစ်ရပ်ရပ် ဖောက်ဖျက်သော အငှားယူသူများကို ဖယ်ရှားနှင်ထုတ်ခြင်း၊

(င) အဆောက်အအုံနှင့် မြေများငှားရမ်းခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ရရှိသည့်ငွေများကို တည်ဆဲစည်းမျဉ်း စည်းကမ်းများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများ အတွက် သုံးစွဲခြင်း၊

(စ) ပြည်တွင်းပြည်ပမှ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တို့နှင့် ဆက်သွယ်၍ စည်ပင်သာယာရေးကို အထောက်အကူပြုသော လုပ်ငန်းများ ဆောင်ရွက်ခွင့်ရှိခြင်း၊

(ဆ) အစိုးရထံမှဖြစ်စေ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများထံမှ ဖြစ်စေ ချေးငွေရယူခြင်းနှင့် အထောက်အပံ့များ ရယူခြင်း၊

(ဇ) စည်ပင်သာယာရေးလုပ်ငန်းများအလိုက် လိုအပ်သော ဆပ်ကော်မတီများ ဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊

(ဈ) စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ခေတ်မီတိုးတက်သည့် နည်းပညာနှင့် နည်းစနစ်များကို အသုံးပြုဆောင်ရွက်ခြင်း၊

(ည) အရန်မြေများတွင် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနဆိုင်ရာမျှ ကျူးကျော်မှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ယင်းအရန်မြေပေါ်တွင် နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရသော စီမံကိန်းလုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲခြင်း၊

(ဋ) ကော်မတီပိုင်မြေများတွင် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနဆိုင်ရာမျှ ကျူးကျော်မှု မရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဌ) နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းတွင် သစ်တောနယ်မြေနယ်နိမိတ် သတ်မှတ်ရေးအတွက် သစ်တောရေးရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဍ) နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းတွင် တပ်မြေနယ်နိမိတ် သတ်မှတ်ရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဎ) နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသော သစ်ပင်များ၊ နိုင်ငံတော်ပိုင် အိမ်ရာများတွင် စိုက်ပျိုးထားသော နှစ်ရှည်သီးပင်စားပင် အရိပ်ရပင်များ၊ လမ်းဘေးဝဲယာ၊ လမ်းလယ်ကျွန်းများနှင့် အဝိုင်းများတွင် စိုက်ပျိုးထားသော သစ်ပင်ပန်းပင်များကို ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ချိုးဖွဲ့ခြင်း၊ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရွှေ့ပြောင်းခြင်း သို့မဟုတ် ခုတ်လှဲခြင်းမပြုရန် တားမြစ်ခြင်းနှင့် စစ်ဆေး ကြပ်မတ်ခြင်း၊

(ဏ) နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ သတ်မှတ်ထားသော လမ်းနယ်နိမိတ်များအတွင်း မည်သည့်

ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနဆိုင်ရာမှ ကျူးကျော် ဆောက်လုပ်ခြင်း မရှိစေရန် တားမြစ်ခြင်းနှင့် စစ်ဆေးကြပ်မတ်ခြင်း၊

(တ) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အခါအားလျော်စွာအပ်နှင်းသည့် လုပ်ပိုင်ခွင့် များကို ကျင့်သုံးခြင်း။

## အခန်း ( ၅ )

## ဘဏ္ဍာရေး

၁၁။ ကော်မတီသည် မိမိရန်ပုံငွေဖြင့် ရပ်တည်ရမည်။ လိုအပ်ပါက ဖြည့်ဆည်းလိုသော ရန်ပုံငွေအတွက် အစိုးရထံမှ အထောက်အပံ့ ရယူနိုင်သည်။ ထို့အပြင် မိမိ၏ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း တာဝန်ယူရမည်။

၁၂။ ကော်မတီသည် မိမိရန်ပုံငွေကို သီးခြားဘဏ်စာရင်း ဖွင့်လှစ်ထားရှိ၍ စည်ပင်သာယာရေးလုပ်ငန်းများအတွက် သုံးစွဲပိုင်ခွင့်ရှိသည်။

၁၃။ ကော်မတီသည် ရန်ပုံငွေကို တိုးပွားစေရန် သင့်လျော်သောနည်းလမ်းဖြင့် စီမံခန့်ခွဲနိုင်သည်။

၁၄။ ကော်မတီသည်ရရှိသော နိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများအတွက် သုံးစွဲနိုင်သည်။

၁၅။ ကော်မတီသည် -

(က) ရုံးအကြီးအကဲက ရေးဆွဲတင်ပြလာသော နှစ်စဉ် ရသုံးမှန်းခြေငွေစာရင်းကို စိစစ်ပြီး နိုင်ငံတော်အေးချမ်းသာယာ

ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံတင်ပြ၍ အတည်ပြုချက် ရယူရမည်။ ထို့အပြင် အစိုးရထံမှ အထောက်အပံ့ ရယူရန် လိုအပ်သောရန်ပုံငွေအတွက် အစိုးရအဖွဲ့သို့ တင်ပြရမည်၊

(ခ) နှစ်စဉ် မိမိ၏ ဘဏ္ဍာရေးအခြေအနေနှင့် စာရင်း စစ်ဆေးတွေ့ရှိချက်တို့ကို ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး ရက်ပေါင်း ၉၀ အတွင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ တင်ပြရမည်။

## အခန်း ( ၆ )

## ဝန်ထမ်းဖွဲ့စည်းပုံ

၁၆။ ကော်မတီသည် လုပ်ငန်းတာဝန်များကို အခြေခံလျက် လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ အတည်ပြုချက်ဖြင့် ရေးဆွဲထားရှိရမည်။

၁၇။ ကော်မတီသည် ပုဒ်မ ၁၆ အရ ဝန်ထမ်းဖွဲ့စည်းပုံကို ရေးဆွဲထားရှိရာတွင် စည်ပင်သာယာရေးလုပ်ငန်းများကို အထောက်အကူပြုသည့် အောက်ဖော်ပြပါဝန်ထမ်းများကိုလည်း သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ဖွဲ့စည်းပုံတွင် ထည့်သွင်းနိုင်သည် -

(က) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ပြည်သူ့ကျန်းမာရေး ဆိုင်ရာ လုပ်ငန်းတာဝန်ကို ဆောင်ရွက်သောဝန်ထမ်းများ၊

(ခ) မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းတာဝန်ကို ဆောင်ရွက်သော ဝန်ထမ်းများ၊

(ဂ) လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းတာဝန်ကို ဆောင်ရွက်သော စည်ပင်သာယာရေး ရဲတပ်ဖွဲ့ဝင်များနှင့် အခြားဝန်ထမ်းများ။

၁၈။ ကော်မတီသည် -

(က) တည်ဆဲစည်းမျဉ်းဥပဒေများ၊ စည်းကမ်းများနှင့်အညီ ဝန်ထမ်းဖွဲ့စည်းပုံအတွင်း ဝန်ထမ်းများကို ခန့်ထားပိုင်ခွင့် ရှိသည်၊

(ခ) စည်ပင်သာယာရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်မည့် ဝန်ထမ်းများကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ လွှဲပြောင်းရယူပြီး စည်ပင်သာယာရေးဝန်ထမ်းအဖြစ် ခန့်ထားနိုင်သည်။

၁၉။ ဝန်ထမ်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန်အလို့ငှာ ကော်မတီသည် ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များကို ရုံးအကြီးအကဲအား လိုအပ်သလို လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း (၇)
## ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စာရင်းစစ်ဆေးခြင်း

၂၀။ ကော်မတီသည် ရုံးအကြီးအကဲက စာရင်းများကို နည်းလမ်းတကျ ထိန်းသိမ်းထားရှိနိုင်ရန်နှင့် စစ်ဆေးခြင်းပြုနိုင်ရန်အလို့ငှာ ငွေစာရင်း လုပ်ထုံးလုပ်နည်းများကို စာရင်းစစ်ချုပ်နှင့် ညှိနှိုင်း၍ သတ်မှတ်ရမည်။

၂၁။ ရုံးအကြီးအကဲသည် -

(က) ကော်မတီက သတ်မှတ်ထားရှိသည့် ငွေစာရင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းများ ပြုစုထိန်းသိမ်းထားရှိရမည်၊

(ခ) ပုဒ်မခွဲ (က) အရ ပြုစုထိန်းသိမ်းထားရှိသည့် စာရင်းများနှင့် စပ်လျဉ်း၍ စာရင်းစစ်ချုပ်က တာဝန်ပေးအပ်ခြင်းခံရသူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း ( ၈ )

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၂။ ဤဥပဒေအရ ထုတ်ပေးသော လိုင်စင်ရရှိသူကဖြစ်စေ၊ မှတ်ပုံတင်လက်မှတ် ရရှိသူကဖြစ်စေ၊ ခွင့်ပြုချက်ရရှိသူကဖြစ်စေ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သတ်မှတ်ထားသောတရားရုံးက ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်သော်လည်းကောင်း သက်ဆိုင်ရာလိုင်စင်၊ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုချက်ရရှိသူအား ကော်မတီသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသည့် ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ဂ) လိုင်စင်၊ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင်၊ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုချက်ကို ပယ်ဖျက်ခြင်း။

၂၃။ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်အရ ချမှတ်သည့် ဒဏ်ကြေးငွေကို ပေးဆောင်ရန် ပျက်ကွက်ပါက ထိုဒဏ်ကြေးငွေကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

## အခန်း ( ၉ )
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၄။ မည်သူမဆို ဤဥပဒေအရ ကော်မတီက ထုတ်ပြန်သည့် နည်းဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၅။ ပုဒ်မ ၂၄ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် အဆိုပါ နည်းဥပဒေတစ်ရပ်ရပ်ကို ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်လျှင် သို့မဟုတ် လိုက်နာရန် ပျက်ကွက်လျှင် ထိုသူကို ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်းပြုသည့်နေ့အသီးသီးအတွက် တစ်နေ့လျှင် အနည်းဆုံး ငွေဒဏ် ကျပ် တစ်သောင်းမှ အများဆုံး ငွေဒဏ် ကျပ် ငါးသောင်း အထိ ချမှတ်ရမည်။

၂၆။ မည်သူမဆို ဤဥပဒေအရ ကော်မတီကထုတ်ပြန်သည့် စည်းကမ်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ ပုဒ်မ ၂၆ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် အဆိုပါ စည်းကမ်း တစ်ရပ်ရပ်ကိုဖြစ်စေ၊ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ ဆက်လက်၍ ဖောက်ဖျက် ကျူးလွန်လျှင် သို့မဟုတ် လိုက်နာရန်ပျက်ကွက်လျှင် ထိုသူကို ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်း ပြုသည့်နေ့ အသီးသီးအတွက် တစ်နေ့လျှင် အနည်းဆုံး ငွေဒဏ် ကျပ် တစ်သောင်းမှ အများဆုံး ငွေဒဏ် ကျပ် ငါးသောင်းအထိ ချမှတ်ရမည်။

## အခန်း ( ၁၀ )

## အထွေထွေ

၂၈။ အများပြည်သူနှင့် ဝန်ထမ်းများသည် နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်း၊ စိုပြည်ရေး အတွက် ဆောင်ရွက်ထားရှိမှုများကို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြုစု ထိန်းသိမ်းရန် တာဝန်ရှိသည့်အလျောက် ကော်မတီက ထုတ်ပြန်ထား သည့် အမိန့်၊ စည်းကမ်းနှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

၂၉။ ကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် မူဝါဒသဘောပါရှိသော လုပ်ငန်းများကို လည်းကောင်း၊ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အထူးစီမံကိန်းများကို လည်းကောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ရရှိပြီးမှ ဆောင်ရွက်ရမည်။

၃၀။ ကော်မတီသည် ကိုယ်ပိုင်အမည်၊ တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင် ခွင့်တို့ ရှိစေရမည်။

၃၁။ ကော်မတီသည် မိမိပိုင် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို နိုင်ငံတော်သို့ လွှဲပြောင်းပေးရသည့်အတွက် သင့်တင့်မျှတသောတန်ဖိုး ရရှိခြင်းမရှိပါက တာဝန်ရှိသည့်ဌာနနှင့် အဖွဲ့အစည်းများအား တရားစွဲဆို၍ တောင်းခံနိုင်ခွင့်ရှိသည်။

၃၂။ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းကမ်းများနှင့် အမိန့်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် တရားစွဲဆိုသည့် စည်ပင်သာယာရေးမှုခင်းများကို မြန်မြန်ဆန်ဆန် စစ်ဆေးစီရင်နိုင်ရန်အလို့ငှာ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း သင့်လျော်သည့် နေရာများတွင် တရားရုံးနှင့်ဥပဒေရုံးများ ဖွင့်လှစ်ထားရှိနိုင်ရေးအတွက် ကော်မတီသည် တရားရုံးချုပ်နှင့်လည်းကောင်း၊ ရှေ့နေချုပ်ရုံးနှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ရမည်။

၃၃။ ပုဒ်မ ၂၂ အရ ကော်မတီကချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၃၄။ ကော်မတီသည် စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တည်ဆဲစည်ပင်သာယာရေးအဖွဲ့များ ဥပဒေ၊ ယင်းဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ဤဥပဒေ၏ ရည်ရွယ်ချက်သဘောထားများနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

၃၅။ ကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ် အတွင်းရှိ ယခင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီပိုင် ရန်ပုံငွေများ၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ၊ ဆောင်ရွက်ဆဲ

လုပ်ငန်းများနှင့် ဆောင်ရွက်ပြီးလုပ်ငန်းများ၊ ရရန်ပိုင်ခွင့်နှင့် ပေးရန် တာဝန်များကို ဆက်ခံရမည်။

၃၆။ (က) နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းသည့်စာချုပ်စာတမ်းများ ချုပ်ဆိုရာတွင် အခွန်တံဆိပ်ခေါင်း ထမ်းဆောင်ရမည့်ပုဂ္ဂိုလ်သည် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေအရ ထမ်းဆောင်ရမည့်အခွန်တံဆိပ်ခေါင်းတန်ဖိုးအပြင် သတ်မှတ်သည့်ရာခိုင်နှုန်းကို တိုးမြှင့်ထမ်းဆောင်ရမည်၊

(ခ) ကော်မတီသည် ပုဒ်မခွဲ (က) အရ တိုးမြှင့်ထမ်းဆောင်သည့် အခွန်တံဆိပ်ခေါင်းတန်ဖိုးကို လွှဲပြောင်းရယူရေးနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၃၇။ ကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ ကျင့်သုံးဆောင်ရွက်ရာတွင် လိုအပ်ပါက မိမိလက်အောက်ရှိ သက်ဆိုင်ရာ ဌာနတစ်ခုခုကိုဖြစ်စေ၊ အဖွဲ့ ဖွဲ့စည်း၍ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၃၈။ ကော်မတီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်

(က) လိုအပ်သောနည်းဥပဒေများကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) လိုအပ်သောလုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၁/၂၀၀၉)

ပြည်ထောင်စုမြန်မာနိုင်ငံတော်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

**(အမိန့်အမှတ် ၁/၂၀၀၉)**

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၉ ရက်

( ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် )

**တာဝန်မှ အနားယူခွင့်ပြုခြင်း**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့အား ယနေ့မှစ၍ တာဝန်မှ အနားယူခွင့်ပြုလိုက်သည် -

(၁) ဗိုလ်ချုပ်စောထွန်း
ဝန်ကြီး
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၂) ဗိုလ်ချုပ်စောလွင်
ဝန်ကြီး
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၃) ဒေါက်တာသန်းညွန့်
ဥက္ကဋ္ဌ
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

(၄) ဦးမျိုးညွန့်
ဒုတိယဝန်ကြီး
ပညာရေးဝန်ကြီးဌာန

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၂/၂၀၀၉)

ပြည်ထောင်စုမြန်မာနိုင်ငံတော်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

**(အမိန့်အမှတ် ၂/၂၀၀၉)**

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၉ ရက်

( ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် )

**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဦးကျော်သူအား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် ယနေ့မှစ၍ ခန့်အပ် တာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၃/၂၀၀၉)

ပြည်ထောင်စုမြန်မာနိုင်ငံတော်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

**(အမိန့်အမှတ် ၃/၂၀၀၉)**

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၉ ရက်

(၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)

**ဝန်ကြီးဌာနတာဝန် ပူးတွဲထမ်းဆောင်စေခြင်း**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး၏တာဝန်ကိုပါ ယနေ့မှစ၍ ပူးတွဲထမ်းဆောင်စေလိုက်သည်။

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး (၁)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၄/၂၀၀၉)

ပြည်ထောင်စုမြန်မာနိုင်ငံတော်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

**(အမိန့်အမှတ် ၄/၂၀၀၉)**

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၉ ရက်

( ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် )

## ဝန်ကြီးဌာနတာဝန် ပူးတွဲထမ်းဆောင်စေခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး၏တာဝန်ကိုပါ ယနေ့မှစ၍ ပူးတွဲထမ်းဆောင်စေလိုက်သည်။

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး (၁)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(ကြေညာချက်အမှတ် ၁/၂၀၀၉)

ပြည်ထောင်စုမြန်မာနိုင်ငံတော်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

**(ကြေညာချက်အမှတ် ၁/၂၀၀၉)**

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၉ ရက်

( ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် )

**တာဝန်မှ အနားယူခွင့်ပြုခြင်း**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များအား ယနေ့မှစ၍ တာဝန်မှ အနားယူခွင့်ပြုလိုက်သည် -

(၁) ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်

(၂) ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း

(၃) ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း

(၄) ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို

(၅) ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ